
စိုးမိုးစာပေ
ပျား
ရင်ခွင်နီ
Digital Art : Idea Kyaw
&
Mg Kyaw Oo

# အခန်း(၁)

ခန္ဓာကိုယ်ပေါ်က ရေစက်တွေကိုတောင် ပြောင်စင်အောင် မသုတ်နိုင်။ မွှေးပွသဘက်ကြီးနှင့် ကသောကမျောသုတ်ပြီး အသင့်ထုတ်ထားပြီးသော အဝတ်အစားတွေကို လဲလှယ်လိုက်သည် ။

အဝတ်အစားတွေထည့်သည့် ဗီရိုပုလေးပေါ်တွင် ကိုယ်လိမ်းပေါင်ဒါဘူးကို လှမ်းယူကာ ချိုင်းနှစ်ဖက်မှာ သုတ်လိမ်းသည် ။

ပွသယောင်းနေသော ဆံပင်တွေကို သေသပ်အောင် ဘီးနှင့်ဖီးသင်သည် ။

အလှအပအမွှေးအကြိုင်ကို မက်မောလှတာ မဟုတ်ပေမဲ့ သူ့အလုပ်က အများ နှင့်ဆက်ဆံရသော အလုပ်ဆိုတော့ ဂရုစိုက်ရသည် ။

မှန်ထဲမှ မြင်နေရသော ကိုယ့်မျက်နှာကို လှိုင်းတစ်ချက်ကြည့်သည် ။ ဂုတ်ထောက်လုလု ဆံနွယ်တွေနှင့် ရှင်းသန့်နေသော မျက်နှာက ဘုရားပေးသော ဆုလာဘ်ဟု ဆိုရမည်ထင်သည် ။

မထူမပါး မျက်ခုံးတန်းတန်းနှင့် မျက်ဝန်းကြည်လဲ့လဲ့၊ ကျစ်လျစ်သွယ်တန်းသော နှာတံ၊ အထူအပါးညီညာပိရိသော နှုတ်ခမ်း၊ ထိုအရာအားလုံးကို ပေါင်းစပ်လိုက်တော့ အရိပ်လှိုင်းဆိုသော ယောက်ျားသည် မိန်းကလေးတိုင်း ငေးမောနှစ်သက်ရသူ ဖြစ်သည် ။

"အရိပ်လှိုင်း ငါ့အတွက် မေ့မသွားနဲ့ ဦးလေ"

စူးခနဲပျံ့လွင့်လာသော အရက်နံ့ ချဉ်စုတ်စုတ်နှင့်အတူ ဦးလေးစိုး အိပ်ခန်းထဲက အိပ်ချင်မူးတူး မျက်ဝန်းတွေနှင့် ထလာသည် ။

မျက်ဝန်းနီကျင်ကျင်တွေက ညတုန်းက အရှိန်ပြေသေးပုံမပေါ်။ တုံ့ဆိုင်းဆိုင်း ခြေလှမ်းတွေနှင့် လှိုင်းအနားရောက် လာပြီး မို့အစ်နေသော လက်ဖဝါးကို ဖြန့်ပေးသည် ။

အစိမ်းပုပ်ရောင် ကျောပိုးအိတ်ကလေးကို ချိတ်ထားသော အိမ်တိုင်မှ လှိုင်း လှမ်းဖြုတ်ယူရင်း ဘေးအိတ်ဇစ်ကို ဆွဲဖွင့်နှိုက်သည် ။

လှိုင်း လက်ထဲပါလာသည် က ငါးရာတန်တစ်ရွက်။

"ငါးရာပဲလားကွာ"

ကမ်းပေးနေသော ငါးရာတန်ကို လှမ်းမယူဘဲ ဦးစိုးသာ မကျေမနပ် ရေရွတ်သည် ။

"ငါးရာပဲယူလေ၊ ဦးစိုး စားဖို့ ဝက်သားဟင်း ချက်ခဲ့တယ်၊ ချဉ်ပေါင်ကြော်လည်း ကျန်သေးတယ်"

"အဲဒါက အရေးမကြီးပါဘူး အရိုပ်ရာ၊ ငါ့အတွက် လိုတာ အရက်ဖိုးပဲ"

ဦးစိုးကိုကြည့်ပြီး လှိုင်း အတော်ပဲ စိတ်ညစ်သွားမိသည် ။ ဝမ်းတစ်ထွာအတွက် ရုန်းကန်နေကြသည့်အထဲမှာ ဦးစိုး အဖြစ်က ဆိုးသည် ။ စားဖို့ ထက် သောက်ဖို့ က အရေးကြီးနေသည့်အဖြစ်။

"တစ်ရာလောက်တော့ ထပ်ပေးပါကွာနော်၊ ငါ့တူက လိမ္မာပါတယ်"

မျက်နှာချိုလေးသွေးကာ ဆိုနေသော ဦးစိုးကိုကြည့်ကာ သနားလည်း သနားသည် ။ သွေးမတော်သားမစပ်မှ မဟုတ်ဘဲ။ လှိုင်းရဲ့

ဦးလေးအရင်းခေါက်ခေါက်ကြီးပဲလေ။

ဖေဖေ့ရဲ့ ညီ ဦးလေးစိုးသာက အရင်က အရက်မပြောနဲ့ ဆေးလိပ်တောင် သောက်တတ်သူတစ်ယောက် မဟုတ်ခဲ့ပါ။

ဇနီးနှင့်သမီးအပေါ်မှာ ခင်ပွန်းကောင်းပီသသူတစ်ယောက် ဖြစ်၏။ ဇနီးတိမ်းပါးသွားတော့ ဦးလေးစိုးဘဝမှာ ကျန်ရစ်ခဲ့သည် က ငါးနှစ်သမီးလေးသာ ဖြစ်သည် ။

ကံကြမ္မာက ဦးလေးစိုးဘဝကို ယစ်ထုတ်ကြီးဖြစ်အောင် တွန်းပို့ပေးလိုက်သည် က တစ်ဦးတည်းသော သမီးလေး အဖျားကြီးကာ ဆုံးသွားကတည်းကပါ။

တရားအသိနှင့်လည်း မဆင်ခြင်နိုင်ခဲ့ဘဲ အရက်ကိုပဲ နေ့ဝင်မိုးချုပ်သောက်ခဲ့သည် ။ အစားကိုလည်း ပုံမှန်မစားတော့ ဦးလေးစိုးသာ ဗိုက်ပူနံ့ကားတစ်ယောက် ဖြစ်လာသည် ။

ဦးစိုးသာ အိပ်ရာထဲလဲတော့ ပြောမရ၍ ပစ်ထားသော အဖေ မနေနိုင်တော့ဘဲ ညီဖြစ်သူကို ပြုစုရတော့၏။ ကိုယ်တိုင်ဆေးရုံတင်ပေးကာ ပြန်ကျန်းမာလာအောင် စောင့်ရှောက်ခဲ့သည် ။

"မင်း ယောက်ျား မဟုတ်ဘူး လား မောင်စိုး၊ သေတဲ့ လူက ပြန်ရှင်မှာ မှ မဟုတ်တာ၊ ငါလည်း မင်းလိုပဲ မုဆိုးဖိုပါကွ၊ အရိပ်လို့င်းအမေဆို ဒီကောင်မွေးကတည်းက ဆုံးတာပဲ"

"ဒါတော့ အစ်ကို့မှာ သားတစ်ယောက်ကျန်ခဲ့သေးတော့ ဖြေသာတာပေါ့၊ ကျွန်တော့်မှာ သမီးလေးကိုပါ ထပ်ဆုံးရှုံးခဲ့ရတာပါ အစ်ကိုရာ"

"မင်း ခံစားချက်ကို ငါစာနာနိုင်ပါတယ်၊ ဒါပေမဲ့ ဒါကိုခံစားပြီး မင်းအရက်ရဲ့ ကျေးကျွန်ဖြစ်နေတာတော့ မဟုတ်သေးဘူး၊ ကိုယ့်ကိုယ်ကိုယ်

သတ်နေတာနဲ့ မထူးဘူးကွာ စဉ်းစားဦး"

အဖေက အားမလိုအားမရဆုံးမပေမဲ့ ဦးလေးစိုး ပြောင်းလဲမသွားခဲ့ပါ။ ဆေးရုံကဆင်းတော့ အရက်ကိုဆက်သောက်သည် ။ ပြောမရသည့်အဆုံး အဖေလည်း ဥပေက္ခာပြုသွားခဲ့သည် ။

သူ ဆယ်တန်းအောင်သည့်နှစ်မှာ အဖေဆုံးသည် ။

"ဘာမှ အားမငယ်နဲ့ ကွာ၊ ဦးလေးစိုး ရှိပါတယ်"

ဦးလေးစိုးက နှစ်သိမ့်အားပေးပေမဲ့ တကယ်တမ်းကျ အားမကိုးနိုင်တာကို လှိုင်းနားလည်သည် ။ ဒါကြောင့်လည်း စာပေးစာယူပဲ တက်ကာ အလုပ်တစ်ဖက်လုပ်ရင်း ကျောင်းပြီးအောင် ကြိုးစားခဲ့သည် ။

အရက်စွဲနေတာ တစ်ခုကလွဲလျှင် ဦးလေးစိုးက ကောင်းပါသည် ။ ဒါကြောင့်လည်း ခုချိန်ထိ သူ ဦးလေးစိုး တာဝန်ကို မညည်းမညူ ယူနေခဲ့တာ ဖြစ်၏။

"တစ်ရာလောက်ပေးပါ တူလေးရာ၊ အရက်တစ်လုံးနဲ့ ဆေးလိပ်ဖိုးလေးအတွက်ပါကွာနော်"

မျက်နှာငယ်လေးနှင့် တောင်းဆိုနေတော့ သူ့အိတ်ထဲက အကြွေတစ်ရာတန် တစ်ရွက်ကို ထုတ်ပေးလိုက်ရသည် ။

"ဦးလေးစိုး သောက်တာ လျှော့ဦး၊ ဗိုက်ပူနံကားနဲ့ ဖောရောင်နေပြီ၊ ဒီတစ်ခါ လဲရင်တော့ မလွယ်ဘူးနော်"

"သိပါတယ်ကွာ လျှော့သောက်ပါတယ်၊ ကဲ မင်းအလုပ်နောက်ကျနေဦးမယ်၊ သွားတော့လေ"

"ဟင်းတွေ ဦးလေးစိုး အကုန်စားလိုက် ညနေစာအတွက် ကျွန်တော်

တစ်ခုခုဝယ်ခဲ့မယ်"

"အေး အေးပါကွာ၊ အေ့"

ပြန်ဖြေရင်း လေချဉ်တက်နေသော ဦးလေးစိုးကို စိတ်ပျက်စွာ ကြည့်မိသည် ။ ဘာမှ တော့ မပြောဖြစ်ပါ။ ပြောလို့ လည်း ရနိုင်တော့မှာ မဟုတ်ဟု သူသိသည် ။

အရက်မသောက်ရလျှင် ခြေတုန်လက်တုန်နှင့် ကတုန်ကယင်ဖြစ်နေတတ်သော ဦးလေးစိုး အခြေအနေကို ကြည့်ရတာ စိတ်မချမ်းမြေ့ပါ။

ဒါကြောင့်လည်း တစ်နေ့ငါးရာခြောက်ရာ အရက်ဖိုးအဖြစ် သူ ပေးဖြစ်နေခဲ့တာဖြစ်သည် ။

အဖေ မရှိတော့သည့်ဘဝမှာ တစ်ဦးတည်းသော ဆွေမျိုးရင်းချာ ဦးလေးစိုးကို အိမ်ဦးခန်းမှာ ထားပြီး ကျွေးမွေးပြုစုချင်သည် ။ ဒါပေမဲ့ ဆိုက်ကားလည်း မနင်းနိုင်တော့ရှာသည့် ဦးလေးစိုးက အရက်ကိုတော့ မ သောက်ရမနေနိုင် ဖြစ်နေတော့လည်း အခက်ပါပဲ။

စိတ်ချမ်းသာသလို နေပါစေတော့ဟု ပဲတွေးကာ ကိုယ် တတ်နိုင်သလောက် ထောက်ပံ့ကူညီပေးနေမိတာ မှားသလားမသိ။

ထမင်းတစ်လုပ်ထက် အရက်တစ်စက် တစ်ခွက်ကို တပ်မက်နေသော ဦးလေးစိုး အဖြစ်ကို တွေးမိတိုင်းလည်း စိတ်မကောင်းဖြစ်မိသည် ။

"ရန်ကုန် ဆူးလေ ချောင်တယ် မြန်တယ်"

ဂိတ်မှာ ထိုးရပ်လာသော သီးသန့်ဟိုင်းလက်(စ်) ကားလေးဆီက စပယ်ရာရဲ့ အော်သံကြားတော့မှ အတွေးတို့ လွင့်ပြေးကာ လှိုင်း အပြေးလေး တက်လိုက်ရသည် ။

သည် အချိန်ဆို အောင်စည် သူ့ကိုမျှော်နေလောက်ပြီ။

***

# အခန်း (၂)

တာမွေဘက်မှာ ဖွင့်ထားသည့် အထည်ဆိုင်ကလေးက သူပိုင်ဆိုင်တာတော့ မဟုတ်ပါ။ သူငယ်ချင်းအောင်စည်က ဆိုင်ခန်းငှားကာ အရင်းအနှီးထုတ်ပြီး ဖွင့်ထားသော ဆိုင်ကလေးဖြစ်သည် ။

အောင်စည်နှင့် သူက ကျောင်းနေဘက်သူငယ်ချင်းတွေ ဖြစ်သည် ။ စာပေးစာယူနှင့် ဘွဲ့ရခဲ့ကြတာလည်း အတူတူ။

ကျောင်းပြီးတော့ အောင်စည့်မိဘတွေက အောင်စည့်ကို အလုပ်တစ်ခုခု လုပ်စေချင်ကြသည် ။ အောင်စည်က အထည်ဆိုင်ဖွင့်မည်ဆိုကာ အရင်းအနှီးတောင်းသည် ။ ပြီးတော့ လှိုင်းနှင့်တိုင်ပင်ကာ ကလေးအင်္ကျီတွေ ရောင်းသည့်ဆိုင်ကလေးဖွင့်သည် ။

"ငါတော့ ဆိုင်သိပ်ထိုင်ဖြစ်မှာ မဟုတ်ဘူး လှိုင်း၊ မင်းပဲထိုင် မင်းပဲဦးစီးကွာ၊ ရောင်းရတဲ့ အမြတ်ထဲက သုံးပုံတစ်ပုံ မင်းယူပေါ့၊ ဖြစ်မလား"

လခစား ကုမ္ပဏီဝန်ထမ်း အလုပ်ထက်စာလျှင် သည် အလုပ်က အဆင်ပြေမည်ဟု သူတွက်မိသည် ။ ဒါကြောင့်လည်း ခေါင်းညိတ်လက်ခံဖြစ်သည် ။

အောင်စည်က သူ့ကိုယုံကြည်စွာ အရင်းအနှီးငွေကြေးတောင် မတည်စိုက်ထုတ်ပေးထားသည် ပဲ။

သူ့ဘက်က လူစိုက်တာဝန်ယူကာ ဆိုင်ကလေး ဖွင့်ဖြစ်ခဲ့သည် ။

ကလေးအင်္ကျီဆိုင်ဆိုတော့ ကလေးမိခင် အမျိုးသမီးတွေက အများဆုံးရောက်ကာ ဝယ်ယူတတ်ကြတာ ဖြစ်သည် ။

တစ်လအတွင်းမှာ ပဲ ဆိုင်တွေအားလုံးထဲမှာ လှိုင်းတို့ ဆိုင်လေးက ရောင်းအားအကောင်းဆုံးဖြစ်ခဲ့၏။ အောင်စည် ကျေနပ်စွာပြုံးရင်း

"ငါထင်တယ် ဒီအလုပ်က မင်းနဲ့ ဖြစ်မယ်ဆိုတာ"

"ပြောပြန်ပြီ ငါလည်း ဈေးရောင်းဖူးတာ မဟုတ်ဘူး ကွ၊ မင်းက အရင်းအနှီးတွေ စိုက်ထုတ်ပေးထားတော့ ရင်တထိတ်ထိတ်နဲ့ စမ်းကြည့်ရတာ"

"ငါက တွက်ပြီးသားပါကွာ၊ မင်းရုပ်ရည် မင်းစတိုင်နဲ့ ဖြစ်ပြီးသားလို့ "

"ဟာ အထည်ရောင်းတာနဲ့ ဘာဆိုင်လို့ လဲ၊ ပြီးတော့ ကလေးအဝတ်အစားတွေ"

"ဟ ဆိုင်တာပေါ့ကွာ၊ ကလေးအင်္ကျီ အဝတ်အစားတွေဆိုတာ မိန်းမသားအများ စုပဲ ဝယ်ကြတာ၊ ရောင်းတဲ့ အရိပ်လှိုင်းဆိုတဲ့ ရုပ်ါနဲ့ စတိုင်ကို ကြည့်လိုက်ဦး၊ ဆိုင်ရှေ့ဖြတ်လျှောက်မိတဲ့ ဘယ်မိန်းမ မဝယ်ဘဲ နေပါ့မလဲ၊ အဲဒါ မင်းရုပါကြောင့်ပေါ့ အရိပ်လှိုင်းရ"

အစပိုင်းမှာ တော့ အောင်စည့်စကားကို သူလက်မခံချင်ပါ။ နောက်ပိုင်းမှာ တော့ သူ တဖြည်းဖြည်း သိလာရသည် ။

လှိုင်းဆိုင်ရှေ့က ဖြတ်သွားမိကြသည့် မိန်းကလေးတိုင်း ဆိုင်ထဲကို လှည့်မကြည့်ဘဲ မနေနိုင်ကြပါ။

မွေးညင်းတွေကအစ ရွှေရောင်ဝင်းလျက် ယောကျာ်းပီသ ချောမောသော အရိပ်လှိုင်းကို မြင်တွေ့သွားကြတော့

"ဒါလေးက ဘယ်လောက်လဲဟင် မောင်လေး"

"လေးထောင့်ရှစ်ရာပါ မမ"

"ချစ်စရာလေးနော် မမတူလေးအတွက် လက်ဆောင်ဝယ်သွားမလို့ အဟင်း"

စကားတွေဖောင်ဖွဲ့ပြောသမျှ လှိုင်းကလည်း အလိုက်သင့် ရယ်မော ဆက်ဆံ။ ဈေးတောင်မဆစ်တော့ဘဲ ဝယ်ယူသွားတတ်ကြသူတွေ။

"တို့ သမီးလေးက ဖတဆိုးလေးဆိုတော့ သိပ်ဆိုးတာ၊ ဈေးဝယ်ထွက်လို့ သူ့အတွက် အဝတ်အစားနှစ်စုံလောက်မှ မပါရင် ကျေနပ်တာ မဟုတ်ဘူး "

ကလေးအတွက် အဝတ်အစားဝယ်ရင်း လက်ရှိဘဝအခြေအနေကို လှိုင်းသိချင်အောင် ဖွင့်ဟပြောတတ်ကြသည့် မိန်းမတွေလည်း ရှိတတ်သေးသည် ။

ကိုယ်က ရောင်းသူဆိုတော့ အလိုက်သင့် နာမ်စားသုံးကာ ပြေလည်ရင်းနှီးအောင် ပြောဆိုရတာ လှိုင်းရဲ့ အလုပ်ပဲလေ။

ရုပ်ရည်ရော စတိုင်ပါ ငေးလောက်အောင် ချောမောသည့် အရိပ်လှိုင်းဆိုတာ ရွှေမင်းသားတစ်ပါးမဟုတ်ပေမဲ့ အလှအပကို မက်မောကြသော မိန်းမသားအများ စုအတွက်တော့ ရင်ခုန်ချင်စရာဖြစ်မှာ တော့ သေချာနေသည် ။

ဘဝဆိုတာ အရိပ်လှိုင်းအတွက် မပြည့်စုံ မလှပပေမဲ့ ရှင်းသန့်သော ရုပ်ရည်နှင့် ယောကျ်ားပီသသော အသွင်ကတော့ ညို့အားတစ်ခုလို ဖြစ်နေခဲ့သည် ထင်၏။

အပြစ်အနာအဆာ ကင်းစင်သော မျက်နှာနှင့်ဝင်းမွတ်သော အသား

အရေက မိန်းကလေးတွေနှင့် ယှဉ်လောက်အောင် အရိပ်လှိုင်းသာလွှန်နေတာ အတိတ်ဘဝက ဆုတောင်းကောင်းခဲ့တာကြောင့်လားမသိ။

အရပ်အမောင်းနှင့် လိုက်ဖက်ကျစ်လျစ်သော ခန္ဓာကိုယ် အသွင်ကလည်း ဘာပဲဝတ်ဝတ် ငေးလောက်အောင် စတိုင်ကျသည် ။

အထည်ဆိုင်ကလေးရဲ့ ရောင်းအားဝင်ငွေကောင်းတော့ အရိပ်လှိုင်းရဲ့ ကိုယ်ရောင်ကိုယ်ဝါကလည်း ပိုမိုတောက်ပလာသည် ။

ဆိုင်ဖွင့်တာကြာသည် နှင့်အမျှ လှိုင်းနှင့်ခင်မင်ကျွမ်းဝင်လာသော မိန်းမတွေလည်း အများကြီးဖြစ်နေသည် ။

တစ်နေ့တစ်နေ့ကို ဈေးဝယ်သည် ဖြစ်ဖြစ် မဝယ်ဘဲလည်း လမ်းကြုံလို့ သတိရလို့ ၊ အကြောင်းပြကာ ဝင်လာတတ်ကြသူတွေကို ဧည့်ခံရတာ အလုပ်တစ်ခုဖြစ်သည် ။

အဆင့်အတန်းတွေကတော့ နိမ့်နိမ့်ထဲက မဟုတ်တာကို စီးလာသော ကားတွေနှင့် ဝတ်စားဆင်ယင်လာသော ရတနာတွေကို မြင်ရုံနှင့် သိနိုင်သည် ။

သူ့ကိုဆိုင်မှာ အကူချာတိတ်နှစ်ယောက်နှင့် ယုံကြည်စိတ်ချစွာ လွှဲထားသော အောင်စည်ကတော့ တစ်ပတ်တစ်ခါလောက်ပဲ ဆိုင်ကို ရောက်တတ်လာကာ

"င့ါဆိုင်ကို ဒီထက်ပိုပြီး တိုးချဲ့ရင် ကောင်းမလား မသိဘူး၊ အမျိုးသမီး အဝတ်အစားအသုံးအဆောင် ပစ္စည်းတွေတင်ရောင်းရင် ကျိန်းသေရောင်းရမှာ "

"ဟော့ကောင် မင်းဆိုင်က ကျဉ်းကျဉ်းနဲ့ ပစ္စည်းတွေတောင် အကုန်ခင်းကျင်းနိုင်တာ မဟုတ်ဘူး ၊ ပြီးတော့ မိန်းမအသုံးအဆောင်ပစ္စည်းတွေ

တော့ ငါ မရောင်းပါရစေနဲ့ တောင်းပန်ပါတယ်"

"ဟား ဟား ငါက စီးပွားရေးဈေးကွက်အမြင်နဲ့ ပြောတာပါကွာ၊ မင်းကိုတောင် အကြံပေးမလို့ ဖြူတီပါလာဆိုင်ပါ ဖွင့်သင့်တယ်လို့ "

"ခွေးကောင်"

သူပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲတော့ အောင်စည် တဟားဟား သဘောကျစွာ ရယ်သည် ။ ဆိုင်အကူအရောင်းချာတိတ်တွေကပါ အောင်စည်ဘက်က ဝင်ထောက်ခံနေကြသေး၏။

"အစ်ကို အောင်စည်ပြောတာ မှန်တယ်ဗျ၊ အစ်ကိုလှိုင်းက အတော်စန်းပွင့်တာနော်၊ ပါရာဒိုကားကြီးနဲ့ လာတဲ့ မမတစ်ယောက်ဆို နေ့တိုင်းပဲ အစ်ကိုလှိုင်းစားဖို့ အတွက် ဒန်ပေါက်တွေတောင် ဝယ်လာသေးတယ်"

"ဟာကွာ အဲဒီအစ်မက ကလေးတစ်ယောက် အမေကွ မပြစ်မှားကြပါနဲ့ ကွာ"

"ဟာ အစ်ကိုလှိုင်းကလည်း ယောကျ်ားမှ မရှိတော့တာဘဲ"

"မင်းတို့ တော်တော်ပို့နော်"

"အဲဒီအစ်မကို အစ်ကိုလှိုင်းမကြိုက်ရင် တနင်္ဂနွေနေ့ဆို လာတတ်တဲ့ မနွယ်နီဇင်ရော မဆိုးဘူးနော်၊ အစ်ကိုနဲ့ သက်တူရွယ်တူပဲ"

"ဘာလဲ သူ့တူမလေးအတွက် အထည်လာဝယ်တဲ့ နွယ်နီကို ပြောတာလား၊ မလုပ်စမ်းပါနဲ့ ကွာ၊ တကယ့်အရှုပ်လေး၊ သူ့ရည်စားကတောင် ငါ့ကို ထိပ်တိုက်လာမေးနေလို့ မနည်းဖြေရှင်းလိုက်ရတယ်"

"ဒါဆို MarkII ကားနက်ကြီးနဲ့ လာတတ်တဲ့ အပျိုကြီးမမ"

"ဟေ့ကောင် တော်တော့ ဟိုမှာ ဝယ်သူလာနေပြီ သွား၊ အောင်စည်

မင်းနဲ့ ငါ စာရင်းတွေ ရှင်းကြမလား"

"နောက်တစ်ပတ်မှ ရှင်းမယ်ကွာ၊ ငါလမ်းကြုံလို့ ဝင်လာတာ ချိန်းထားတာလေး ရှိသေးလို့ "

အောင်စည် အိတ်ထဲက မျက်မှန်ကို ပြန်တပ်ရင်းထရပ်သည် ။

"မင်း ဆိုင်ကို ဟိုတစ်ပတ်က ရောက်မလာတာ လျှောက်ပွေနေတာ မဟုတ်လား အောင်စည်၊ ဘာလဲ သဇင်ခိုင်နဲ့ ပဲလား"

"နိုး ပြတ်သွားပြီ၊ သဇင်ခိုင်ထက် မိတ့် မဒီလေးကွ၊ မင်းနဲ့ နောက်မှ မိတ်ဆက်ပေးမယ် လစ်ပြီ"

အောင်စည် သူ့ကိုနှုတ်ဆက်ကာ ဆိုင်ရှေ့မှာ ရပ်ထားသော ကားပေါ် လှမ်းတက်သွားသည် ။

သည် ဆိုင်ကို ဖွင့်ကတည်းက အောင်စည် တစ်ပတ်လောက်ပဲ ထိုင်ပေးဖူးသည် ။ ဆိုင်ကို အကြောင်းပြကာ မိန်းမလှလေးတွေနှင့် လျှောက်လည်ပတ်နေရတာကို အောင်စည် ကျေနပ်နေတာ ဖြစ်သည် ။

ကျောင်းမှာ ကတည်းက အောင်စည့် အကြောင်းကို သူအသိဆုံး။

"အစ်ကိုလှိုင်း လာပါဦး၊ ဒီအစ်မက သူ့တူမလေးနဲ့ လိုက်ဖက်မယ့် အဝတ်အစားလေး ရွေးပေးပါဦးတဲ့ "

မောင်နိုင် လှမ်းခေါ်နေတာမို့ သူ လှမ်းခဲ့ရပြန်သည် ။

ကလေးဝတ်စုံဝယ်ကြတာတောင် သူ့ကိုရွေးခိုင်းတတ်ကြသည့် ဝယ်သူမိန်းကလေးတွေက ရှိတတ်သေးသည် ။

တစ်ခါတစ်ခါကြတော့လည်း ဒါတွေကို သူ စိတ်ညစ်စိတ်ရှုပ်မိသည် ။ ဒါပေမဲ့

ကိုယ့်ဘဝ အဆင်ပြေနေသည့်အလုပ်ဆိုတော့လည်း ...။

***

## အခန်း(၃)

"အားလုံး ဘယ်လောက်ကျသလဲ အရိပ်"

စိုးစုစံ ခပ်ပြုံးပြုံးလေးကြည့်ကာ လှိုင်းကို မေးသည် ။ လှိုင်း ဘောက်ချာစာရွက်ကို လှမ်းပေးရင်း

"နှစ်သောင်း နှစ်ထောင့်ငါးရာ ကျတယ် မစိုး"

ဆလင်းဘက်အိတ်ထဲမှ ငွေစက္ကူတွေကို ရေတွက်ထုတ်ပေးရင်း စိုးစုစံ လှိုင်းကို မျက်မှောင်ကလေး ကုပ်ကြည့်ကာ မေးပြန်သည် ။

"ပြော မနေ့က အရိပ်ဘယ်သွားလဲ"

"ဆိုင်အတွက် လိုအပ်တဲ့ အထည်တွေ သွားယူနေတာပါ မစိုးရဲ့ "

"မညာနဲ့ နော် တို့ သိတယ်၊ ပါရာဒိုကားကြီးနဲ့ သိင်္ဂီနောက် အရိပ်ပါသွားတာ တို့ မျက်စိနဲ့ တပ်အပ်မြင်တယ် ကဲ"

"ဩော် ဒါလား၊ ဟုတ်တယ် တက္ကစီငှားသွားမလို့ လေ၊ သိင်္ဂီက လမ်းကြုံနေလို့ သူ့ကားနဲ့ လိုက်ခဲ့ဖို့ ခေါ်နေလို့ ပါ"

စိုးစုစံရဲ့ ကာလာခြယ်မျက်နှာက ရှုံ့မဲ့သွားရင်း

"အလကား မိန်းမ လမ်းကြုံတာလည်း မဟုတ်ဘဲ တမင်လိုက်ပို့ပေးတာပါ၊ မသိတာမှတ်လို့ "

"ကျွန်တော် တကယ်မသိဘူး၊ သူက လမ်းကြုံတယ် ပြောတာပဲ"

"အရိပ်အတွက် စိုးရိမ်လို့ ပြောတာ အဲဒီမိန်းမက ခပ်ရှုပ်ရှုပ်နော်၊ သွားပြီး မပတ်သက်နဲ့ တို့ ကြားတယ်၊ ပတ်ဝန်းကျင်မှာ အရိပ်နဲ့ သူပဲ ဘာလိုလို လျှောက်ပြောနေတာ"

"ဟာဗျာ မဟုတ်တာတွေ ကျွန်တော်က ရိုးရိုးသားသား ခင်မင်တာပါ"

စိုးစုစံ မျက်နှာလေး ကြည်လင်ဝင်းပသွားခဲ့တာ အထင်အရှား။ မျက်ဝန်းအစုံက အရိပ်လှိုင်းကို စူးစူးနစ်နစ် စိုက်ကြည့်ရင်း

"နောက်ဆို အရိပ် သွားစရာရှိရင် စိုးလိုက်ပို့ပေးမယ်၊ သိဂီနဲ့ လုံးဝမလိုက်သွားနဲ့ နော်"

"အင်း ကျေးဇူးပဲ ကြုံရင်တော့ လိုက်ပို့မယ်"

"မကြုံရင်လည်း အရိပ်ကို တို့ ဖုန်းနံပါတ်ပေးထားသားပဲ ဥစ္စာ၊ တို့ဆီလှမ်းဖုန်းဆက်လိုက်ပေါ့၊ အရိပ်အတွက်ဆို အမြဲတမ်းအသင့်ပဲ သိလား"

ပြောသူကသာ မရှက်စတမ်းပြောနေတာ။ လှိုင်းကတော့ ဘေးဘီကို မလုံမလဲကြည့်ရင်း ရှက်အမ်းအမ်း ဖြစ်လာရတဲ့ အထိ။

"စိုး သွားတော့မယ်နော် အရိပ်"

"ဟုတ်ကဲ့ အဲဒီမှာ အင်္ကျီထုပ်ယူသွားဦးလေ မစိုး"

"ဩော် အဟင်း ဟုတ်ပါရဲ့ ၊ တော်သေးတယ် နောက်တစ်ခေါက်ပြန်လှည့်လာရတော့မလို့ အဟင်း ဟင်း"

အကြောင်းမဲ့ အသံလေးထွက်ရယ်မောရင်း လက်ကလေးပြန့်တ်ဆ

က်သွားတော့မှ လှိုင်းပင့်သက်မောကို ရှိုက်မိသည် ။ အတော့်ကို ခက်ပါလား။ တစ်ခါတလေမှာ စိတ်ညစ်မိတာ အဲဒါတွေကြောင့်။

စိုးစုစံ ကားလေးထွက်သွားလို့ မှ မကြာသေး။ ဆိုင်ရှေ့ကို ထိုးရပ်လာသည် က တက္ကစီအငှားကားလေး ဖြစ်သည် ။

ကားတံခါးဖွင့်ဆင်းလာကြသည် က သုံးယောက်။ ရွှန်းရွှန်းလဲ့၊ ချိုငြိမ်းသင်းနှင့် ဖြူပြာတို့ သုံးယောက်ပါပဲ။

ခြေလှမ်းတွေက ဆိုင်ထဲမှာ ရှိနေတဲ့ သူ့ဆီပဲ ဦးတည်လာကြသည် ။ ကိုယ့်ဆိုင်လာသည့် မိတ်ဆွေတွေဆိုတော့လည်း အရိပ်လှိုင်း အပြုံးနှင့် နှုတ်ဆက်ရင်း

"သုံးယောက် ရှော့ပင်န် ထွက်လာကြတာလား"

"ဟုတ်တယ် လှိုင်း ဆိုင်ကိုပဲ တမင်လာကြတာလေ၊ သူငယ်ချင်းတစ်ယောက်ရဲ့ သမီးလေး မွေးနေ့ပွဲရှိလို့ လက်ဆောင်လာဝယ်ကြာတာပေါ့"

"ထိုင်ကြပါဦး ဘာယူမှာ လဲ၊ စိတ်တိုင်းကျ ရွေးကြပေါ့"

"ခဏလေး ထိုင်ပါရစေဦး လှိုင်းရယ်၊ ကသောကမျော ထွက်လာရတာ မောလွန်းလို့ ပါ အဟင်း"

မှုန်နေအောင် ပြင်ဆင်ထားသော မျက်နှာနှင့် ကျော့မော့အောင် ဝတ်ဆင်ထားကြပုံက မင်းသမီးရှုံးသည် ။ တက္ကစီနှင့်ငြိမ့်ငြိမ့်လေး ရောက်လာတာတောင် မောလို့ တဲ့ ။ လှိုင်းစိတ်ထဲက မဲ့လိုက်မိပေမဲ့ နှုတ်ခမ်းတွေက အပြုံးရိပ်တို့ ဖန်ဆင်းရင်း

"အအေးဖြစ်ဖြစ် တစ်ခုခု သောက်မလား အမောပြေပေါ့"

"ကျေးဇူးတင်ပါတယ် လှိုင်းရဲ့ ၊ ဒီစကားလေးနဲ့ တင်

အမောပြေသွားပြီ သိလား"

ကျန်နှစ်ယောက်ရှေ့မှာ တင် ဖြူပြာရဲ့ စကားက အနှောင့်အသွားမ လွတ်။ အကြည့်တွေကလည်း အရိပ်လှိုင်း မျက်နှာမှာ ။ သံလိုက်မှာ သံတွေ ကပ်ငြိနေသလို။

"လှိုင်း လာချင်ဇောနဲ့ မှန်တောင်မကြည့်ဘဲ ထွက်ခဲ့ရတာ ကြည့်စမ်းပါဦး ရွှန်းလဲ့မျက်နှာ ဘယ်လိုဖြစ်နေသလဲဟင်"

ဖြူပြာဆီရောက်လာတဲ့ အကြည့်တွေ သူမဆီရောက်လာအောင် ရွှန်းလဲ့ တမင်လှမ်းပြောတော့ သူလှမ်းကြည့်ရင်း

"အင်း မဆိုးပါဘူး ရွှန်းလဲ့ရဲ့ အဆင်ပြေပါတယ်"

"ကဲ ကဲ ရှင်တို့ နားချင်နားကြ၊ လှိုင်း ဆိုင်မှာ အခုနောက်ပိုင်း ဝင်တဲ့ ဒီဇိုင်းလေးတွေ မော်ဒယ်သစ်တွေ တို့ ကြည့်ပါရစေ၊ လက်ဆောင်အတွက်ဝယ်ရင်း တို့ အစ်မရဲ့ ကလေးအတွက်ပါ ဝယ်သွားချင်လို့ "

ချိုငြိမ်သင်းက လှိုင်းရဲ့ လက်ကိုဆွဲပြီး ဇွတ်ဆွဲခေါ်သွားတော့ ကျန်တဲ့ နှစ်ယောက် ထိုင်ခုံတွေမှာ ဆက်ထိုင်နေဖို့ စိတ်မကူးကြတော့ပါ။

သုံးယောက်စလုံး နားပူအောင် ပြောကြ၊ ကလေးဝတ်အကျႌအထုပ်တွေ ရွေးကြ ဖွကြတာကို လှိုင်းအတော်ပဲ သည်းခံလိုက်ရတာ တစ်နာရီကျော်ကြာသည် ။

သူတို့ ပြန်သွားတော့ ကလေးဝတ်စုံ ငါးစုံတော့ ရောင်းလိုက်ရသည်
။

လှိုင်းလည်း မောဟိုက်လို့ ကျန်ရစ်ခဲ့၏။ တကယ့် သာလိကာတစ်အုပ်နဲ့ ကြုံဆုံလိုက်ရသည့်အတိုင်းပါပဲ။ တစ်ပတ်တစ်ရက်လောက် ရောက်လာလို့ သာပေ့ါ။ တစ်ရက် တစ်ခါလောက် ရောက်တတ်ရင် တကယ်မ

လွယ်ပါလားဟု တွေးမိသည် ။

"အစ်ကိုလှိုင်း မောသွားပြီလားဗျ"

ရှိုးကေ့စ် မှန်ပေါ်မှာ ပွယောင်းကျန်ရစ်ခဲ့သည့် အထည်တွေကို သိမ်းဆည်းနေသည့် မောင်နိုင်က သူ့ကိုလှမ်းနောက်နေသေးသည် ။

"မောတာထက် စိတ်ရှုပ်ထွေးပြီး ထွက်ပြေးချင်မိတာကွ၊ ကဲ မင်းဆိုင်မှာ ခဏနေခဲ့ဦး၊ ငါလက်ဖက်ရည်ဆိုင် ခဏသွားထိုင်ဦးမယ်၊ ဆိုင်မှာ ငါရှိတာ ဘယ်သူမှ မပြောနဲ့ နော်"

မောင်နိုင်ကို မှာ ပြီး လက်ဖက်ရည်ဆိုင်ဘက် ထွက်ခဲ့သည် ။ ဆိုင်မှ ထိုင်နေရတာထက်စာလျှင် လက်ဖက်ရည်ဆိုင်က ပိုပြီးလွတ်လပ်ငြိမ်းချမ်းသည် ။

တစ်ခါတစ်ခါမှာ ဆိုင်မထိုင်ချင်လောက်အောင် လှိုင်းစိတ်ညစ်မိတာတွေက အဲဒီလို စပ်ကဲကဲ မိန်းကလေးတွေကြောင့်ဖြစ်သည် ။

တွေးကြည့်လျှင် ကိုယ့်မှာ လည်း ကိုယ့်ဝဋ်ဒုက္ခနှင့်ကိုယ်။

ရှောင်တိမ်းလို့ မရသည့် ဝဋ်ဒုက္ခတစ်ခုပါလား။

***

# အခန်း(၄)

နံဘေးမှာ ထိုးရပ်လာသည့် ကားလေးကြောင့် လှိုင်းငဲ့ကြည့်တော့ မမခိုင် ဖြစ်နေသည် ။

"ဟင် မမခိုင်"

"အရိပ် ဆိုင်ရောက်ခဲ့တယ်၊ ခုပဲ သိမ်းပြီးပြန်သွားတယ်ပြောလို့ "

"ဟုတ်တယ် မမခိုင်၊ ဒီနေ့ နည်းနည်းစောသိမ်းလိုက်တာ"

"တော်သေးတာပေါ့ မမခိုင်က အရိပ်ကို မမီတော့ဘူး ထင်တာ"

"ကိစ္စရှိလို့ လား မမခိုင်"

"ဟုတ်တယ် အရိပ် မမခိုင်တို့ တစ်ဆိုင်ဆိုင်မှာ ထိုင်ရအောင်နော်"

ပြောလာသည့် မမခိုင်ရဲ့ မျက်ဝန်းတွေထဲမှာ ပြဿနာတစ်ခုကြောင့် စိတ်ညစ်ညူးနေတာကို လှိုင်းအကဲခတ်မိသည် ။

ကားရှေ့ခန်းတံခါးကို ဖွင့်ကာ မမခိုင်နံဘေးမှာ လှိုင်းဝင်ထိုင်တော့ မမခိုင် ကားလေးကို ငြိမ့်ခနဲ မောင်းထွက်သည် ။

ဘေးတိုက်မြင်တွေ့နေရသော မမခိုင်မျက်နှာပေါ်မှာ ပေါင်ဒါလေး တောင် ဖို့ ထားပုံမရပါ။ ကျောလယ်ခန့်အထိ ရှည်သော ဆံညိုတွေကို အပြာနုရောင်ဖဲသားမျှော့ကွင်းလေးနှင့်ပဲ စုစည်းချည်နှောင်ထားသည် ။

မမခိုင်နှင့် မတွေ့ဖြစ်ခဲ့သည် မှာ တစ်ပတ်ကျော်ခဲ့ပြီထင်သည် ။ မှတ်မှတ်ရရ မမခိုင်၏ အစ်မ ရက်လည်ကို သူရောက်ခဲ့ပြီးကတည်းက ဖြစ်မည်။

စားသောက်ဆိုင်ကလေးရှေ့မှာ မမခိုင် ကားလေးကို ထိုးရပ်သည် ။

"တစ်ခုခု စားရင်း စကားပြောရအောင် နော် အရိပ်"

လှိုင်းခေါင်းညိတ်ပြပြီး မမခိုင်နှင့်အတူ ယှဉ်တွဲပြီး ဆိုင်ထဲဝင်ခဲ့သည် ။ ဆိုင်ထောင့်က စားပွဲလေးမှာ ထိုင်မိကြတော့ မမခိုင်က ကြေးအိုးဆီချက်မှာ သည် ။ သူလည်း မမခိုင်မှာ သည့်အတိုင်း ကြေးအိုးတစ်ပွဲပဲ မှာလိုက်သည် ။

စပါကလင်နှစ်လုံးကို မမခိုင်မှာ တော့ စားပွဲထိုးချာတိတ်က ပိုက်တံလေးတပ်ကာ လာချပေးသည် ။

"မမခိုင်ကြည့်ရတာ တစ်မျိုးပဲ၊ နေမကောင်းဘူးလားဟင်"

"အင်း လူက နေကောင်းပါတယ်၊ စိတ်က သိပ်မကောင်းဘူး အရိပ်ရဲ့ ၊ အခု မမခိုင်မှာ စိတ်ညစ်စရာ ပြဿနာတွေနဲ့ လေ"

"မမခိုင်ရဲ့ အစ်မအတွက် ခံစားနေရတာလား၊ ကျွန်တော်တောင် မမခိုင်ရောက်မလာလို့ နေမကောင်းဘူးလား တွေးနေမိသေးတယ်"

လှိုင်းစိတ်က ရိုးသားစွာဆိုသောစကားအတွက် မမခိုင် နားလည်မှာတော့ သေချာပါသည် ။ မမခိုင်သည် လှိုင်းအတွက်တော့ ခင်မင်စရာကောင်းသော အစ်မတစ်ဦးဖြစ်သလို မမခိုင်ရဲ့ ကျေးဇူးတွေကလည်း အများကြီး ရှိခဲ့ဖူးသည် ။

"မမခိုင်သည်း အရိပ်ဆီ လာချင်ပါတယ်၊ အိမ်မှာ ကိစ္စတွေရှုပ်ထွေးနေလို့ ပါကွယ်၊ အခုလည်း အရိပ်ကို ရင်ဖွင့်ပြောပြချင်လို့ လာခဲ့တာ"

"မမခိုင်မှာ ဘာပြဿနာတွေ ရှိနေလို့ လဲ ပြောပါ၊ ကျွန်တော် နား ထောင်နေပါတယ်"

မမခိုင်က အအေးပုလင်းက ပိုက်တံလေးကို မျှင်းကာ တစ်ငုံသောက် နေရင်းမှ လှိုင်းကို မော့ကြည့်သည် ။

"မမကြည်ပြာ မရှိတော့ဘူးဆိုတော့ မမခိုင်အတွက် အခြေအနေတွေ က မသင့်တော်တော့ဘူး အရိပ်၊ ခိုင်ရိပ်မြုံမှာ မမခိုင် ဆက်နေရတာ သိ ပ်မကောင်းတော့ဘူး ထင်တယ်"

မမခိုင်စကားကို လှိုင်း နားလည်ပါသည် ။

ခိုင်ရိပ်မြုံဆိုတာ လှိုင်းနေထိုင်သော ရပ်ကွက်ငယ်လေးထဲမှ ဆယ် ပေသာသာ အိမ်ခန်းမျိုးလေး မဟုတ်ပါ။ ဆိတ်ငြိမ်သော လူကုံထံ ရပ်ကွ က်ကြီးထဲက ခိုင်ရိပ်မြုံ ခြံကြီးက ခမ်းနားထည်ဝါသည် ။ သုံးထပ်တိုက် အိမ်ကြီးကလည်း ခေတ်မီလှပသည် ။

ခိုင်ရိပ်မြုံသည် မမခိုင်နှင့်အစ်မဖြစ်သူ ကြည်ပြာခိုင်တို့ ပိုင်ဆိုင်သော အမွေဆိုင်အိမ်ကြီးဖြစ်သည် ။

မမခိုင်ဆိုသော နီလာခိုင်သည် အစ်မဖြစ်သူ ကြည်ပြာခိုင်နှင့် ဆယ်န စ်ကျော်ကွာသည် ။ မမနီလာခိုင် အသက်က သုံးဆယ့်ငါးနှစ်ရှိပြီ။ မိဘ တွေက မမခိုင်အပျိုပေါက်အရွယ်မှာ ပဲ တိမ်းပါးသည် ။

အစ်မကြည်ပြာခိုင်က ညီမကို စောင့်ရှောက်ရင်း မိဘပိုင်ကုမ္ပဏီကို ဆက်ပြီးဦးစီးခဲ့သည် ။ အိမ်ထောင်ပြုတော့ ဖခင်ရှိစဉ်ကတည်းက သ ဘောတူကြည်ဖြူထားသော ကုမ္ပဏီ၏ မန်နေဂျာလည်း ဖြစ် လူယုံတော် လည်း ဟုတ်သော ဦးမင်းဇော်ထွဋ်နှင့် အိမ်ထောင်ကျခဲ့သည် ။

အိမ်ထောင်သက်ဆယ့်ငါးနှစ် ကျော်သည် အထိ သားသမီးရတနာ မ

ထွန်းကားခဲ့ပါ။ ဒေါ်ကြည်ပြာခိုင်တို့ ဇနီးမောင်နှံနှင့် မမခိုင်တို့ သုံးယောက်တည်း ခိုင်ရိပ်မြုံမှာ အေးချမ်းစွာ နေထိုင်ခဲ့ကြသည် ။

"အရိပ်စဉ်းစားကြည့်လေ၊ ခဲအိုနဲ့ မမခိုင်နှစ်ယောက်တည်း တစ်အိမ်တည်းမှာ နေထိုင်နေတာ ပတ်ဝန်းကျင်အမြင် မသင့်တော်ဘူးလေ"

"မမခိုင်ပြောတာ ကျွန်တော် လက်ခံပါတယ်၊ အခု မမခိုင် ဘယ်လိုလုပ်မယ်လို့ စီစဉ်ထားသလဲဟင်"

"ခိုင်ရိပ်မြုံနဲ့ ကုမ္ပဏီလုပ်ငန်းတွေက မမခိုင်တို့ ညီအစ်မရဲ့ အမွေဆိုင်ဆိုတော့ အခုချိန်မှာ မမခိုင်နဲ့ ကိုကိုထွဋ်တို့ ပဲ ပိုင်တယ်လေ၊ အမွေကို တစ်ယောက်တစ်ဝက် ခွဲဝေကြရမှာ ပေါ့"

"အင်းလေ မမတို့ ခွဲဝေလိုက်ကြရင် ပြီးပြီပေါ့"

"ကုမ္ပဏီက အောင်မြင်နေတာဆိုတော့ ဒီအတိုင်း နှစ်ဦးပိုင်အဖြစ် ဆက်ပြီးရပ်တည်လို့ ရပါတယ်၊ အဲ ခက်တာက ခိုင်ရိပ်မြုံပဲ၊ ဒီအိမ်ကြီးမှာ မမခိုင်တို့ နှစ်ယောက် အတူမနေသင့်ဘူး။ အိမ်ဖော်နဲ့ ခြံစောင့်တွေရှိတယ်ဆိုပေမဲ့ ရေရှည်မှာ ဘယ်လိုမှ မသင့်တော်ဘူး အရိပ်"

"ဒါဆိုလည်း တစ်ယောက်ယောက်က ခိုင်ရိပ်မြုံက ထွက်ပေးလိုက်ပေါ့"

"ခိုင်ရိပ်မြုံဆိုတာ ဖေဖေတို့ ရဲ့ အမွေမို့ မမခိုင် မစွန့်လွှတ်နိုင်ဘူး အရိပ်၊ ခိုင်ရိပ်မြုံကို ပေါက်ဈေးနဲ့ တန်ဖိုးဖြတ်ပြီး မမခိုင် ငွေအမ်းယူမယ်ဆိုတော့ ကိုကိုထွဋ်ကလည်း သူ့ဇနီးမကြည်ပြာရဲ့ အရိပ်တွေ လွှမ်းမိုးနေတဲ့ နေရာမို့ သူလည်း မခွဲခွာပါရစေနဲ့ တဲ့ "

လှိုင်း ဘာပြောရမှန်းမသိ ဖြစ်ရသည် ။ မမခိုင်နှင့် လှိုင်း ခင်မင်ရင်းနှီးပေမဲ့ သွေးရင်းချာတွေမှ မဟုတ်ဘဲ။ ပြီးတော့ တစ်ပါးသူမိသားစု အ

တွင်းရေးကိစ္စဆိုတော့ လှိုင်း ဝင်မစွက်သင့်ဟု ထင်သည်။

"ကျွန်တော် ဘာပြောရမှန်း မသိဘူး၊ ဒါ မမခိုင်တို့ အိမ်တွင်းရေးကိစ္စလေ"

"အင်း အရိပ်ပြောတာ မှန်ပါတယ်၊ အခု ကိုကိုထွဋ်က ညှိနှိုင်းစီစဉ်ပေးတယ်၊ ခိုင်ရိပ်မြိုက သုံးထပ်တိုက်ဆိုတော့ သူ အိမ်အောက်ထပ်မှာပဲ နေမယ်တဲ့ ၊ မမခိုင်က ဒုတိယထပ်နဲ့ တတိယထပ်မှာ လွတ်လွတ်လပ်လပ်နေပါတဲ့ "

"ဒါလည်း အဆင်ပြေသွားပဲ၊ မမခိုင်တို့ အိမ်မှာ ရှိတဲ့ ဒေါ်လေးငြိမ်းဆိုတာ မမခိုင်တို့ မိဘလက်ထက်ကတည်းက လူယုံတော်ပဲဥစ္စာ၊ မမခိုင်အတွက် အဖော်ရမှာ ပါ"

"အင်း လတ်တလောတော့ မမခိုင် လက်ခံသဘောထူထားတယ် အရိပ်၊ မမခိုင် စိတ်ထဲမှာ တော့ ခုချိန်မှာ အားငယ်နေတာအမှန်ပဲ။ အရင်က မမကြည်ပြာရှိတယ်ဆိုတဲ့ အသိနဲ့ မမခိုင် ဘာကိုမှ အားမငယ်တတ်ခဲ့ဘူးလေ"

မမခိုင် ဘဝကို သူစာနာနိုင်ပါသည် ။ သည် အရွယ်အထိ တစ်ယောက်တည်း အပျိုကြီးအဖြစ် ရပ်တည်လာသော မမခိုင်အတွက် ခုချိန်မှာ အားငယ်စရာကောင်းနေမှာ သေချာသည် ။

တစ်ဦးတည်းသော ဆွေမျိုးရင်းချာ အစ်မဖြစ်သူမှ မရှိတော့ဘဲလေ။

"အရိပ် ကြေးအိုးစားလေ၊ အေးကုန်ဦးမယ်"

မမခိုင် သတိပေးမှ သူ စားပွဲထိုးလေး ချလာပေးသော ကြေးအိုးဆီချက်ကို စားသောက်လိုက်မိသည် ။

"အပြန်ကျရင် အရိပ်တို့ လမ်းထိပ်အထိ မမခိုင် လိုက်ပို့ပေးမယ်"

လှိုင်းမငြင်းဆိုဖြစ်ပါ။ မမခိုင်ဆိုတာ လှိုင်းအခုမှ ခင်မင်ခဲ့သူမဟုတ်ခဲ့သလို မမခိုင်ရဲ့ စေတနာတွေကိုလည်း အခုမှ ပိုင်ဆိုင်ခံစားခဲ့တာမှ မဟုတ်ဘဲ။

အဝေးသင်တက်ရင်း မမခိုင်ရဲ့ ကုမ္ပဏီမှာ သူအလုပ်ဝင်လုပ်ခဲ့စဉ်က မမခိုင်သည် သူ့ကိုနားလည်ကူညီခဲ့သည် ။ ဦးလေးစိုးနှင့် ဘဝကို ရုန်းကန်နေခဲ့ရသော လှိုင်းဘဝကို မမခိုင်သည် စာနာကူညီမှုတွေ ပေးခဲ့သည် ။

သူ့အတွက် မမခိုင်သည် အစ်မရင်းချာတစ်ဦးလို ရှိခဲ့သူဆိုတော့လည်း …။

***